ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ – ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏

# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

## ( ၂၀၁၆ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၅–၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၅–၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌အကျိုးသက်ရောက်စေရမည်။

### အခန်း(၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၅ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၅ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၈.၆၂၉ | | | ၁၉၄.၇၉၅ | | | |
| ၂ | ၂ | **ပြည်နယ်လွှတ်တော်** | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | - | | | ၂၁၂.၃၈၈ | | | |
| ၃ | ၄ | **ဥပဒေရုံးများ** | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | - | | | ၁၀.၁၇၀ | | | |
| ၄ | ၅ | **စာရင်းရုံးများ** | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | - | | | ၁၁.၀၉၂ | | | |
| | | ပေါင်း | | ၉၈.၆၂၉ | | | ၄၂၈.၄၄၅ | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၅ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | - | | | ၃၆.၄၉၄ | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | - | | | ၁၇.၅၂၂ | | | |
| | | ၂။ မီးသတ်ဦးစီးဌာန | | - | | | ၁၈.၉၇၂ | | | |
| ၂ | ၂ | **သမဝါယမ** | ၄င်း | ၅.၁၅၄ | | | ၁၁.၉၅၂ | | | |
| | | ၁။ သမဝါယမဦးစီးဌာန | | - | | | ၁.၃၂၄ | | | |
| | | ၂။ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း | | ၅.၁၅၄ | | | ၁၀.၆၂၈ | | | |
| ၃ | ၃ | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | ၄င်း | ၈.၆၄၅ | | | ၃.၁၀၆ | | | |
| | | ၁။ စိုက်ပျိုးရေးဦးစီးဌာန | | ၈.၆၄၅ | | | ၃.၁၀၆ | | | |
| ၄ | ၄ | **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | ၄င်း | - | | | ၄.၂၅၀ | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | - | | | ၂.၂၅၀ | | | |
| | | ၂။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | - | | | ၂.၀၀၀ | | | |
| ၅ | ၅ | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၄င်း | ၃.၅၀၀ | | | ၃.၇၇၈ | | | |
| | | ၁။ သစ်တောဦးစီးဌာန | | - | | | ၃.၄၂၈ | | | |
| | | ၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၃.၅၀၀ | | | ၀.၃၅၀ | | | |
| ၆ | ၆ | **အားကစား** | ၄င်း | - | | | ၁၃.၉၄၃ | | | |
| | | ၁။ အားကစားနှင့်ကာယပညာဦးစီးဌာန | | - | | | ၁၃.၉၄၃ | | | |
| ၇ | ၇ | **ဘဏ္ဍာရေး** | ၄င်း | - | | | ၃.၇၄၈ | | | |
| | | ၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | - | | | ၃.၇၄၈ | | | |
| ၈ | ၈ | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | - | | | ၀.၆၂၅ | | | |
| | | ၁။ စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | - | | | ၀.၆၂၅ | | | |
| ၉ | ၉ | **ဆောက်လုပ်ရေး** | ၄င်း | ၂၇၁.၂၀၆ | | | ၇၃.၄၀၀ | | | |
| | | ၁။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁.၂၀၆ | | | ၁၃.၄၀၀ | | | |
| | | ၂။ လမ်းဦးစီးဌာန | | ၂၇၀.၀၀၀ | | | ၆၀.၀၀၀ | | | |
| ၁၀ | ၁၀ | **ပြည်နယ်တုန်တင်ကုန်ချကော်မတီရုံး** | ၄င်း | ၀.၃၂၁ | | | | | | |
| ၁၁ | ၁၁ | **စည်ပင်သာယာရေးအဖွဲ့** | ၄င်း | - | | | ၂၇၁.၀၇၉ | | | |
| | | ၁။ စည်ပင်သာယာရေးအဖွဲ့များ | | - | | | ၂၇၁.၀၇၉ | | | |
| | | ပေါင်း | | ၂၈၈.၈၂၆ | | | ၄၂၂.၃၇၅ | | | |